ဝင်ငွေတိုးပွားလာစေရေးအတွက် အသေးစားငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်
အသေးစား ငါးမွေးမြူရေးနည်းပညာဆိုင်ရာ အဓိကအချက်များ

၄.၂ ငါးမွေးမြူစဉ် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများ

| အခက်အခဲများ | ဖြေရှင်းရမည့်နည်းလမ်းများ |
|---|---|
| ကန်ရေထဲတွင် အောက်ဆီဂျင် လျော့နည်းခြင်း (ငါးများသည် ကန်ရေပြင်အပေါ်သို့ တက်၍ အောက်ဆီဂျင် ရယူခြင်း) | • ကန်ရေကို လှိုင်းထအောင် ပြုလုပ်ပေးခြင်း။ (လက်ဖြင့်ပွေ့ယမ်းခြင်း၊ ရိုက်ခတ်ခြင်း)<br>• ပြင်ပမှ သန့်ရှင်းသော ရေကို သွင်းယူခြင်း။<br>• ငါးအစာကျွေးခြင်း၊ ဓာတ်မြေဩဇာထည့်ခြင်းကို ရပ်ထားပါ။ |
| ကန်၏ ရေမျက်နှာပြင်တွင် အနီရောင်လွှမ်းခြင်း | • ကောက်ရိုး(သို့)ငှက်ပျောလက်ကို ကြိုးပြုလုပ်၍ အနီရောင် အလွှာကို ဖယ်ရှားခြင်း။<br>• ဝ.ဝ၁ ဧကအတွက် ယူရီးယား (၁ဝ) ကျပ်သားကို တစ်ရက်လျှင် ၂ကြိမ်ခန့် (သို့) ကျောက်ချဉ် (၆) ကျပ်သား သုံးရမည်။ |
| ကန်၏ ရေမျက်နှာပြင်တွင် အစိမ်းရောင်လွှမ်းခြင်း | • ကောက်ရိုး(သို့)ငှက်ပျောလက်ကို ကြိုးပြုလုပ်၍ အစိမ်းရောင် အလွှာကို ဖယ်ရှားခြင်း။<br>• အစာကျွေးခြင်းနှင့် ဓာတ်မြေဩဇာ အသုံးပြုခြင်းကို ရပ်ထားပါ။<br>• ဇီဝဗေဒဆိုင်ရာထိန်းချုပ်မှုအတွက် ကန်ထဲကို ငွေရောင်ငါးကြင်း ငါးကြီးများ ထည့်ပေးထားပါ။ |
| ကန်ရေ နောက်ကျိခြင်း | • ဝ.ဝ၁ ဧကအတွက် ထုံး(၃ဝ)ကျပ်သား သုံးရမည်။<br>• ဝ.ဝ၁ ဧကအတွက် ဂျစ်ပဆမ်း(၉၄)ကျပ်သား သုံးရမည်။<br>• ဝ.ဝ၁ ဧကအတွက် ကောက်ရိုးခြောက်(၁)ပိဿာ (သို့) (၂)ပိဿာ သုံးရမည်။ |






## ၅) ငါးဖမ်းဆီးခြင်း



- ငါးကြီးများကို ရွေးချယ်ဖမ်းဆီးခြင်းနှင့် အရွယ်ကြီးသော ငါးသားပေါက်များ ကန်ထဲသို့ ပြန်လည်ထည့်သွင်းခြင်းကို ပြုလုပ်ရမည်။ ထိုမှသာ ကျန်ရှိသော ငါးငယ်များ ပိုမိုမြန်ဆန်စွာ ကြီးထွားစေမှာ ဖြစ်သည်။
- ငါးအစာ၊ မြေဩဇာများ ဝယ်ယူရန် ငွေရရှိခြင်း။
- မိုးခေါင် ရေရှားခြင်းနှင့် ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့လျှင် ဆုံးရှုံးမှုကို နည်းစေပါသည်။
- လူမှုဖူလုံရေးအတွက် အဟန့်အတားများကို လျှော့ကျစေပါသည်။



ဝင်ငွေတိုးပွားလာစေရေးအတွက် အသေးစားငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်
အသေးစား ငါးမွေးမြူရေးနည်းပညာဆိုင်ရာ အဓိကအချက်များ
ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID - 19) မှ ကာကွယ်ပါ

### ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ



- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း။
- အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှ ကူးစက်ခြင်း။
- လွန်ခဲ့သည့် (၁၄)ရက်အတွင်း ရောဂါကူးစက်ပျံ့ပွားနေသည့် နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း (သို့) ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသည်ဟု အတည်ပြုခံရသူနှင့် အတူနေထိုင်ခဲ့ခြင်း။

### သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ

| | | |
|---|---|---|
|  ဖျားခြင်း (၃၈ ဒီဂရီစင်တီဂရိတ်/ ၁ဝဝ.၄ ဒီဂရီဖာရင်ဟိုက်အထက်ရှိခြင်း) |  ချောင်းဆိုးခြင်း |  အသက်ရှူမဝခြင်းနှင့် အသက်ရှူရခက်ခဲခြင်းများ |

### ကာကွယ်နိုင်ရန် နည်းလမ်းများ

| | |
|---|---|
|  ဖျားနာနေသူများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။ |  ထိတွေ့လေ့ရှိသော အရာဝတ္ထုများနှင့် မျက်နှာပြင်များကို မကြာခဏ သန့်ရှင်း၍ ပိုးသတ်သန့်စင်ပါ။ |
|  နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင် ဖုံးအုပ်ပါ။ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပြီး လက်ကို စနစ်တကျ ပြန်လည် ဆေးကြောပါ။ |  ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရမည့် အချိန်မှ လွဲ၍ သင်နေမကောင်းလျှင် အိမ်မှာနေပါ။ |
|  သင်၏ မျက်လုံးများ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို လက်ဖြင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။ |  သင်၏လက်များကို မကြာခဏ ဆပ်ပြာနှင့် ရေဖြင့် အနည်းဆုံး(၂ဝ)စက္ကန့်ကြာအောင် စနစ်တကျ ဆေးကြောပါ။ |

### စနစ်တကျလက်ဆေးနည်း

| | |
|---|---|
|  1 လက်ဖဝါးခြင်း ပွတ်ပါ |  2 လက်ဖမိုးခြင်း |
|  3 လက်ခေါက်ချိုး |  4 လက္ခဏာများကို ကုတ်ခြစ်ပါ |
|  5 လက်ချောင်းများကြား |  6 လက်မများ |
|  7 လက်ကောက်ဝတ်အထိ ဆေးပါ |  8 ရေဖြင့် သေချာစွာဆေး၍ ခြောက်အောင်သုတ်ပါ |

ကိုးကား_ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



ဝင်ငွေတိုးပွားလာစေရေးအတွက် အသေးစားငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်
အသေးစား ငါးမွေးမြူရေးနည်းပညာဆိုင်ရာ အဓိကအချက်များ

## ၁) ငါးသားပေါက်မထည့်မီ စီမံဆောင်ရွက်မှု

### ၁.၁ ကန်ဘောင်နှင့် ကန်အောက်ခြေပြင်ဆင်ခြင်း



- ကန်အောက်ခြေရှိ မြေသားအနက်ရောင်များကို ဖယ်ရှားခြင်းဖြင့် ကန်ဘောင်ကို ခိုင်ခန့်အောင် ပြုလုပ်ရမည်။
- သစ်ပင်၊ ချုံပုတ်များနှင့် သစ်ရွက်များကို ဖယ်ရှားရမည်။

### ၁.၂ သားစားငါးရိုင်းများကို ဖယ်ရှားခြင်း

- ကန်အောက်ခြေကြမ်းပြင်ကို အခြောက်ခံခြင်း။
- ပိုက်စိတ်ဖြင့် ဆွဲ၍ ငါးရိုင်းများကို ဖယ်ရှားခြင်း။
- ငါးရိုင်းသတ်ဆေး ရိုတီနန်း(ဝ.ဝ၁ ဧက၊ ရေအနက် ၁ပေအတွက် (၂)ကျပ်သား၊ လက်ဖက်စေ့ (ဝ.ဝ၁ ဧက၊ ရေအနက် ၁ပေ အတွက် (၄၇)ကျပ်သား သုံးရမည်)။



### ၁.၃ ထုံးသုံးခြင်း



- မဖောက်ထုံးကို ရေနှင့် ဖျော်ပြီး ကန်အောက်ခြေကြမ်းပြင်နှင့် ကန်ဘောင်ကို ပက်ဖြန်းပေးပါ ( ဝ.ဝ၁ ဧက အတွက် (၆၃)ကျပ်သား)
- ထုံးသုံးခြင်းဖြင့် ကပ်ပါးကောင်၊ ရောဂါပိုးများနှင့် ဘက်တီးရီးယားများကို ဖျက်ဆီးပေးခြင်း၊ (PH) ချဉ်ဖန်နှုန်းကို တိုးပွားစေခြင်းနှင့် ရေဩဇာဖြစ်ထွန်းမှုကို အထောက်အကူပြုသည်။

### ၁.၄ ဓာတ်မြေဩဇာ အသုံးပြုခြင်း (ကန်ထဲသို့ ရေဖြည့်ပြီးနောက်)




- ဝ.ဝ၁ ဧက အတွက် တီစူပါ(၁ဝ)ကျပ်သား၊ ယူရီးယား(၁ဝ) ကျပ်သားနှင့် သဘာဝမြေဩဇာ (၃ပိဿာနှင့် ၈ဝကျပ်သား) အသုံးပြုရမည်။
- ၎င်းဓာတ်မြေဩဇာကို ထုံးအသုံးပြုပြီး (၅)ရက်ကြာပြီးနောက် အသုံးပြုရမည်။

USAID
WorldFish

# ဝင်ငွေတိုးပွားလာစေရေးအတွက် အသေးစားငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်
# အသေးစား ငါးမွေးမြူရေးနည်းပညာဆိုင်ရာ အဓိကအချက်များ

## ၂) ငါးသားပေါက်ထည့်သွင်းရာတွင် စီမံဆောင်ရွက်မှု

### ၂.၁ ကျန်းမာသန်စွမ်းသော ငါးသားပေါက်၏ လက္ခဏာများ





- တောက်ပသော အရောင်အဆင်းရှိခြင်း၊ ခန္ဓာကိုယ်တွင် အကြေးခွံစုံလင်စွာရှိခြင်းနှင့် ပါးဟက်နှင့် ကိုယ်ပေါ်တွင် အနီရောင် အစက်အပြောက်များ မရှိရပါ။

### ၂.၂ ငါးသားပေါက်ထည့်သွင်းရာတွင် သတိပြုရမည့် အချက်များ(ငါးမှုံ/ ငါးဖျန်း)



- ငါးသားပေါက်သယ်လာသော အိုး၊ ပုံး၊ ပလပ်စတစ်အိတ်များကို ကန်ရေ မျက်နှာပြင်တွင် မိနစ်(၂၀)ခန့် မျှောထားပါ။
- သားပေါက်ထည့်ထားသောအိတ်ကို ဖြည်းညင်းစွာစောင်းပြီး ငါးသားပေါက်များကို အလို အလျောက် ရေပြင်သို့ ကူးခတ်သွားစေရမည်။

### ၂.၃ ငါးကန် ၀.၀၁ ဧကအတွက် ငါးသားပေါက်ထည့်သွင်းမှု ပုံစံ

| ငါးမျိုးစိတ် | ရေလွှာအလိုက် နေထိုင်မှုပုံစံ | အရွယ်အစား (လက်မ) | ၀.၀၁ ဧကတွင် ထည့်သွင်း ငါးကောင်ရေ | | | | |
|---|---|---|---|---|---|---|---|
| | | | ပုံစံ(၁) | ပုံစံ(၂) | ပုံစံ(၃) | ပုံစံ(၄) | ပုံစံ(၅) |
| ငါးခေါင်းပွ/ ငွေရောင်ငါးကြင်း | ရေပေါ် | ၅ - ၆ | ၈ | ၈ | ၈ | ၈ | ၈ |
| ငါးမြစ်ချင်း | ရေလယ်၊ ရေအောက် | ၆ - ၈ | ၁၂ | ၂၅ | ၆ | ၂ | |
| ငါးကြင်း/ ရွှေဝါ | ရေအောက် | ၆ - ၈ | ၄ | ၄ | ၆ | | |
| မြက်စားငါးကြင်း | ရေလွှာအစုံ | ၆ - ၉ | ၄ | | | ၄ | |
| ထိုင်းငါးခုံးမ | ရေပေါ်၊ ရေလယ် | ၂ - ၃ | ၁၅ | | ၄၀ | | |
| ငါးရှူ/ ငါးကျည်း | ရေအောက် | ၅ - ၆ | | | | | ၂၂ |
| တီလားပီးယား (Mono Sex) | ရေလွှာအစုံ | ၃ - ၄ | | | | ၁၀၀ | |
| ငါးတန် | ရေလွှာအစုံ | ၄ - ၅ | | | | | ၈၀ |
| စုစုပေါင်း | | | ၄၄ | ၃၆ | ၆၀ | ၁၁၄ | ၁၁၀ |

မှတ်ချက်။ ။ ပုံစံ ၁ - ၂ တွင် ငါးဘဲဖြူငါးကို အကောင် ၈၀ - ၁၀၀ ထည့်မွေးနိုင်ပါသည်။



USAID
WorldFish

ဝင်ငွေတိုးပွားလာစေရေးအတွက် အသေးစားငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်
အသေးစား ငါးမွေးမြူရေးနည်းပညာဆိုင်ရာ အဓိကအချက်များ

## ၃) ငါးသားပေါက်ထည့်သွင်းပြီးနောက် စီမံဆောင်ရွက်မှု

### ၃.၁ ဓာတ်မြေဩဇာ အသုံးပြုခြင်း



- ကန်၏ ရေအရောင်သည် အစိမ်းရောင် သို့မဟုတ် အညိုရောင် ဖြစ်သင့်သည်။ ကန်ရေ အလွန်ကြည်နေလျှင် ငါးများစားသုံးရန် သဘာဝအစားအစာဖြစ်သော (အပင်မျှောလေးနှင့် အကောင်မျှောလေးများ) မရှိခြင်းကို ဆိုလိုသည်။
- သဘာဝအစားအစာတိုးပွားရန် အောက်ပါအတိုင်း မြေဩဇာ အသုံးပြုရမည်။
  - ✓ ၀.၀၁ ဧကအတွက် တီစူပါ(၆)ကျပ်သား၊ ယူရီးယား(၆)ကျပ်သားနှင့် သဘာဝမြေဩဇာ(၃)ပိဿာ အသုံးပြုရမည်။
  - ✓ ၀.၀၁ ဧကအတွက် ထုံး(၁၂)ကျပ်သားကို ဓာတ်မြေဩဇာမသုံးခင် (၂ - ၃)ရက် အလိုတွင် သုံးရမည်။

### ၃.၂ အစာကျွေးခြင်း

- ငါးအစာကို (၃% မှ ၁၀%)အထိ တစ်နေ့ကို (၂)ကြိမ်ကျွေးရမည်။
  (နံနက် ၉ - ၁၀ နာရီ၊ ညနေ ၄ - ၅ နာရီ)
- အစာကျွေးနှုန်းသည် ငါး၏ ကိုယ်ခန္ဓာအလေးချိန်၊ အရွယ်အစားပေါ် မူတည်သည်။
- လစဉ် ငါးနမူနာကောက်ယူပြီးမှ အစာကျွေးနှုန်းကို ပြောင်းလဲကျွေးရန် လိုအပ်သည်။

**ဥပမာ။ ။ နေ့စဉ်အစာကျွေးနှုန်း = (ပျမ်းမျှ ငါးအလေးချိန် x ကန်ထဲရှိ စုစုပေါင်းငါးကောင်ရေ x ၃%)**

ပျမ်းမျှ ငါးအလေးချိန် (၁)ကျပ်သား x ကန်ထဲရှိ စုစုပေါင်း ငါးကောင်ရေ (၁၀၀၀) x ၃% = ၃၀ ကျပ်သားသည် တစ်နေ့ကျွေးရမည့် အစာပမာဏဖြစ်သည်။ (နံနက်ပိုင်း - ၁၅ ကျပ်သား၊ ညနေပိုင်း - ၁၅ ကျပ်သား ကျွေးရမည်)









USAID
WorldFish

ဝင်ငွေတိုးပွားလာစေရေးအတွက် အသေးစားငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်
အသေးစား ငါးမွေးမြူရေးနည်းပညာဆိုင်ရာ အဓိကအချက်များ

### ၃.၃ ငါးအစာကျွေးခြင်းစနစ်ကို ထိရောက်စေရန် တိုးမြှင့်လုပ်ဆောင်ခြင်း





- အစာဖန်းပြုလုပ်၍ ကျွေးခြင်း။ (ဤစနစ်သည် ပိုမိုကောင်းမွန်သည်)
- နေရာအနှံ့ကြဲပက်၍ ကျွေးခြင်း။ (ဤစနစ်သည် အစာတောင့် ဖြစ်လျှင် ကောင်းမွန်သည်)
- အစာကျွေးမည့်အချိန်တွင် မိုးအုံ့၊ မိုးရွာသွန်းနေပါက သတ်မှတ်ထားသည့် အစာပမာဏကို လျှော့ကျွေးရမည်။
- ဆန်ကွဲ၊ ဖွဲနုများ ကျွေးလျှင် ပြုတ်ပြီးမှ ငါးကို ကျွေးပါ။

### ၃.၄ အစာမှ ငါးအသားတိုးပြောင်းလဲခြင်း အချိုး (FCR) ဆိုသည်မှာ အဘယ်နည်း။

$$\text{အစာမှ ငါးအသားတိုးပြောင်းလဲခြင်း အချိုး (FCR)} = \frac{\text{ကျွေးလိုက်သော အစာစုစုပေါင်း (၁၂၀ ပိဿာ)}}{\text{စုစုပေါင်း ငါးအလေးချိန် (၄၀ ပိဿာ)}} = \text{၃(ရလဒ်)}$$

**ရလဒ် - ၃** သည် ငါးအသား(၁)ပိဿာရအောင် အစာ(၃)ပိဿာ ကျွေးရသည်ကို ဆိုလိုသည်။ ထိုသို့ဆိုလျှင် ငါးမွေးမြူခြင်းသည် လက်ရှိရှုံးနေပြီဖြစ်သည်။ အစာ(၃)ပိဿာသည် **၃၀၀၀** ကျပ် ပေးရသည်။ ငါး(၁)ပိဿာသည် **၂၈၀၀** ကျပ်ပြန်ရသည်။ **(ရလဒ်သည် - ၂ ကျော်လျှင် ရှုံးသည်)** ရလဒ်၏ ကိန်းကဂဏန်းငယ်လေ အမြတ်များလေလေ ဖြစ်သည်။ ဤအကြောင်းအရာသည် အစာနှင့် ငါး တန်ဖိုးနှိုင်းယှဉ်ခြင်းသာ ဖြစ်ပါသည်။ အခြားကုန်ကျစရိတ်တွေ အများကြီးရှိပါသည်။
ဥပမာ - ငါးသားပေါက်ဖိုး၊ လုပ်သားခ စသည်တို့ ဖြစ်သည်။

## ၄) အထွေထွေ စီမံဆောင်ရွက်မှု

### ၄.၁ ကန်အောက်ခြေကို ချိန်းကြိုးဆွဲခြင်း





- ကန်အောက်ခြေမှ အန္တရာယ်ရှိသော ဓာတ်ငွေ့များကို ဖယ်ရှားပေးသည်။
- ချိန်းကြိုးဆွဲစဉ် ငါးများလျင်မြန်စွာ ကူးခတ်ခြင်းကြောင့် ကျန်းမာသန်စွမ်းသည်။
- အစာစားနှုန်း တိုးလာပြီး ငါးကြီးထွားနှုန်း မြန်ဆန်လာသည်။